# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၂၃-၆-၂၀၁၆) ရက်နေ့မှ (၂၅-၆-၂၀၁၆)ရက်နေ့အထိ ထိုင်းနိုင်ငံ သွားရောက်ခဲ့သော တရားဝင်ချစ်ကြည်ရေးခရီးစဉ်ဆိုင်ရာ

# သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)၏ ဖိတ်ကြားချက်အရ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ထိုင်းနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ပြီး၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများကိစ္စ၊ နှစ်နိုင်ငံ နယ်စပ်ရှိ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသားများအား နေရပ်သို့ ပြန်လည်ပို့ဆောင်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား နယ်နိမိတ် ပြန်လည်တိုင်းတာရေးကိစ္စများအပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြပါသည်။

၂။ ထို့ပြင်ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် ထိုင်းဘုရင့်နိုင်ငံ အစိုးရတို့အကြားအလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ခြင်းနားလည်မှုစာချွန်လွှာ၊အလုပ်သမား များ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူညီချက်စာချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ နှင့် ထိုင်းဘုရင့်နိုင်ငံအစိုးရတို့၏ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်တို့ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၃။ နှစ်နိုင်ငံ နယ်နိမိတ်တိုင်းတာရေးကိစ္စအား ယခင်အစိုးရ အဆက်ဆက်လက်ထက်က ပြန်လည်စတင်နိုင်ခဲ့ခြင်းမရှိဘဲ အစဉ်တစိုက် ရွှေ့ဆိုင်းထားခဲ့ရာမှ ယခုခရီးစဉ်အတွင်း နောင် မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် အနာဂတ်ကို ထားရှိနိုင်ရန် ရည်ရွယ်ချက်ဖြင့် နှစ်နိုင်ငံ အကြား နယ်နိမိတ် တိုင်းတာရေးလုပ်ငန်းများကို ပြန်လည်စတင်သွားကြရန် နှစ်ဖက်ဆွေးနွေး သဘောတူညီမှုရရှိခဲ့ပါသည်။ ထို့ကြောင့် မြန်မာအစိုးရအနေဖြင့် နယ်နိမိတ်တိုင်းတာရေး လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်နိုင်ရန် ပူးတွဲနယ်နိမိတ်ကော်မတီ အစည်းအဝေး (Joint Boundary Committee- JBC) ကို မြန်မာနိုင်ငံတွင် ခေါ်ယူကျင်းပနိုင်ရေးအတွက် ထိုင်းနိုင်ငံ ဘက်သို့ သံတမန်လမ်းကြောင်းမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ အလုပ်သမားရေးရာသဘောတူညီချက်များအရ ဗီဇာသက်တမ်း ၂ နှစ် မကျန်တော့သည့် ယာယီနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော မြန်မာရွှေ့ပြောင်း အလုပ်သမားများ၊ ထိုင်းနိုင်ငံအစိုးရမှ ထုတ်ပေးထားသော ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (TR-38/ Pink Card) ကိုင်ဆောင်ထားသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် (C of I) များကို ထုတ်ပေးသွားနိုင်မည်ဖြစ်ပါသည်။ နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးချိန်တွင် သာမန်နိုင်ငံကူးလက်မှတ်သို့ ပြောင်းလဲထုတ်ပေးသွားမည်ဖြစ်ရာ ရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုဘဝလုံခြုံရေး၊ ကျန်းမာရေးနှင့် ဘဝအာမခံချက် အကျိုးခံစားခွင့်များပိုမိုရရှိလာမည်ဖြစ်ပါသည်။ ရွှေ့ပြောင်းအလုပ်သမားများ အရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံသက်ဆိုင်ရာအာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းဖြင့် အလုပ်သမားများအား မလိုလားအပ်သော နစ်နာဆုံးရှုံးမှုများမှ ကာကွယ်တားဆီးပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

၅။ ထို့ပြင် အလုပ်သမားများခန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်အရ ရွှေ့ပြောင်းအလုပ်သမားများအား ဥပဒေအရ အကာအကွယ်နှင့် အကျိုးခံစားခွင့်များ ပြည့်ဝစွာရရှိခံစားနိုင်စေမည်ဖြစ်ပြီး အလုပ်သမားများအား လုပ်ငန်းခွင်သို့ စေလွှတ်ခြင်းမပြုမီ အသိပညာပေးမှုများ၊ အကြိုလုပ်ငန်းခွင်သင်တန်းပေးခြင်းများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထို့ပြင် အလုပ်ခန့်ထားခြင်းအတွက် လက်ခံသည့်နိုင်ငံ၏ နယ်မြေအတွင်း ဝင်ရောက်လာသည့် အလုပ်သမားများသည် ယင်းနိုင်ငံသားများကဲ့သို့ တန်းတူအခွင့်အရေးရရှိစေမည်ဖြစ်ပြီး၊ အလုပ်သမားများ စေလွှတ်ခြင်းနှင့် လက်ခံခြင်းများကို စနစ်တကျဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ အလုပ်သမားများ နေထိုင်ခွင့်ဗီဇာ၊ အလုပ်အကိုင်ခွင့်ပြုချက်များ အချိန်မီရရှိစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရေး၊ အလုပ်ရှင်-အလုပ်သမားအငြင်းပွားမှုများဖြစ်ပွားပါက ထိရောက်စွာဖြေရှင်းပေးနိုင်ရေး၊ နေရပ်ပြန်လည် ပို့ဆောင်သည့် အလုပ်သမားများကို နှစ်နိုင်ငံအကြား တရားဝင်လမ်းကြောင်းမှ လွှဲပြောင်းပေးနိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံငါးဖမ်းလုပ်ငန်းများတွင် ရောက်ရှိ အလုပ်လုပ်ကိုင်နေကြသော အထောက်အထားမဲ့ မြန်မာအလုပ်သမားများ လူကုန်ကူးခံရခြင်း၊ နှိပ်စက်ခံရခြင်း၊ လုပ်ခလစာခေါင်းပုံဖြတ်ခံရခြင်းများမှ ကာကွယ်ထားဆီးနိုင်စေရေးနှင့် တရားဝင်အလုပ်သမားများ ဖြစ်စေရေးအတွက် အထောက်အထား စာရွက်စာတမ်းများရရှိစေရန်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ မြန်မာ-ထိုင်း နယ်စပ်ဂိတ်များဖြစ်သော တာချီလိတ်- မယ်ဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း-ရနောင်း တို့အပြင် ထီခီး-ဖူနာရွန် နယ်စပ်ဂိတ်ကို တရားဝင်တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ပြီး၊ ယင်း နယ်စပ်ဂိတ်များမှ နေ့စဉ် (သို့မဟုတ်) ရာသီအလိုက်အလုပ်သမားများ သွားရောက် အလုပ်လုပ်ကိုင် နိုင်ကြမည့်အပြင် နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်ကိုင်ဆောင်သူများသည် နယ်စပ်ဒေသအတွင်း တစ်ကြိမ်လျှင် ရက် (၃၀) အထိ နေထိုင်ခွင့် ရရှိကြမည်ဖြစ်ပါသည်။

၇။ ထို့ပြင် ရွှေ့ပြောင်းအလုပ်သမားများ၏သားသမီးများအား မွေးစာရင်းများထုတ်ပေးနိုင်ရေး၊ သားသမီးများ၏ အတန်းပညာရေး ထိခိုက်နစ်နာမှုမရှိစေရန် ပြည်ပစာစစ်ဌာနများတွင် စာမေးပွဲ ဖြေဆိုခွင့်ရရှိရေး၊ ထိုင်းနိုင်ငံ အကျဉ်းထောင်များတွင် အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းကျခံနေကြရသည့် မြန်မာနိုင်ငံသားများအား ဥပဒေဘောင်အတွင်းမှ လိုအပ်သည့်ကူညီစောင့်ရှောက်မှုများ ပေးအပ်သွားရေးအတွက် မြန်မာနိုင်ငံသံရုံးအနေဖြင့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံသားများအကျိုး ဆောင်ရွက်လျက်ရှိသည့် လူမှုရေးအဖွဲ့အစည်းများနှင့် ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်သွားစေမည်ဖြစ်ပါသည်။ ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များပိုမိုအလေးပေးဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသံရုံး၏စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ဝန်ထမ်းအင်အား တိုးချဲ့တာဝန်ပေးအပ်ရေးတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ ထိုင်းနိုင်ငံ နယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေသည့် ဒုက္ခသည်များအား မူရင်းနေရပ်သို့ ခေါ်ဆောင်ရေးအတွက် နှစ်နိုင်ငံအစိုးရများ အချင်းချင်းပူးပေါင်းဆောင်ရွက်သွားရန်နှင့် ၎င်းတို့၏ မူရင်းနေရပ်တွင် အလုပ်အကိုင်အခွင့်အလမ်းများ၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးဝန်ဆောင်မှု အခြေအနေကောင်းများကို စီစဉ်ဆောင်ရွက်ပေးနိုင်သည့်အချိန်မှသာ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းများကို စတင်သွားရန် သဘောတူညီခဲ့ကြပါသည်။ လတ်တလော အခြေအနေတွင် နေရပ်သို့ပြန်လာလိုကြောင်း ဆန္ဒပြုထားကြသူ(၁၉၆)ဦးအား မူရင်းနေရပ်သို့ ပြန်လည်ခေါ်ယူနိုင်ရန် မြန်မာနိုင်ငံအစိုးရမှ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့အားစေလွှတ်၍ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်များ ဆောလျှင်စွာဆောင်ရွက်ပြီး၊ ၎င်းတို့၏ မူရင်းနေရပ်များသို့ ပြန်လည်ပို့ဆောင်ရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ကျန်ရှိနေသည့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံမှ ဒုက္ခသည်များအား စိစစ်၍ နေရပ်သို့ပြန်ခေါ်နိုင်ရေးအတွက် နိုင်ငံတော်၏ အမျိုးသား ပြန်လည်

သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကာလတို၊ ကာလရှည် အစီအမံများချမှတ်ကာ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊**
**ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက် ။**